KAREN NATIONAL DIALOGUE
CONVENING COMMITTEE

Email: karen.national.dialogue@gmail.com
Ph: +95 9781053622, +95 9782005496, +95 9425032284, +95 9973873676

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ
# အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ
# လူမျိုးအလိုက် ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ
# ထုတ်ပြန်ကြေညာချက်

နေ့စွဲ။ ဇန်နဝါရီလ၊ ၂၀ ရက် ၊ ၂၀၁၇ ခုနှစ်

ပထမအကြိမ် လူမျိုးအလိုက်ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲကို ကရင်ပြည်နယ်၊ ဘားအံမြို့ သီရိဘားအံဟိုတယ်တွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၈-၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲသို့ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ KNU/KNLA–Peace Council၊ ကရင်နိုင်ငံရေးပါတီများ၊ ဘာသာရေးခေါင်းဆောင်များ၊ ကရင်လူမျိုးများ နေထိုင်ရာ ဒေသများဖြစ်သော ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် အထက် မြန်မာပြည်နယ်ဒေသတို့မှ ဒေသကိုယ်စားလှယ်များ၊ ကရင်လူမှုအဖွဲ့အစည်းများ၊ ကရင်အမျိုးသမီးများ၊ ကရင်လူငယ်များ၊ ကရင်တတ်သိပညာရှင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော နိုင်ငံတော်အစိုးရ အကြီးအကဲများနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံတကာသံတမန်များ စုစုပေါင်း (၆၀၀)ဦးကျော် တက်ရောက် ပါဝင်ဆွေးနွေးခဲ့ပါသည်။

ပထမအကြိမ် လူမျိုးအလိုက်ကျင်းပသော ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှ ဆွေးနွေးရရှိထားသော အမြင်သဘောထား စုစည်းချက်များအပေါ် အခြေခံ၍ ဆွေးနွေးရရှိသော ရလဒ်များဖြစ်သည့် နိုင်ငံရေးကဏ္ဍဆိုင်ရာမှ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက် အခြေခံမူများ၊ စီးပွားရေးကဏ္ဍဆိုင်ရာမှ ဖက်ဒရယ်စနစ် စီးပွားရေးအခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာမှ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးအခြေခံမူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မြေယာနှင့် သဘာဝသယံဇာတ အခြေခံမူများ တို့ကို ယခု ကျင်းပပြုလုပ်သည့် လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) မှသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံ အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ် အဆင့်ဆင့်တို့တွင် ဆက်လက်ဆောင်ရွက်နိုင်ပါရန်အတွက် သဘောတူဆုံးဖြတ် အတည်ပြုသည်။

ပထမအကြိမ် လူမျိုးအလိုက်ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိလာသော ရလဒ်များနှင့် မှတ်တမ်းများကို အစည်းအဝေးမှ ဆက်လက်ဆောင်ရွက်ရန် အတည်ပြုခဲ့ကြသည်။

ပထမအကြိမ် လူမျိုးအလိုက်ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ ဆွေးနွေးပွဲတက်ရောက်သော ကိုယ်စားလှယ်များတို့မှ အားလုံးပါဝင်လျက် အဓိပ္ပါယ်ပြည့်ဝပြီး ဂုဏ်သိက္ခာရှိသော နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာစေရေးအတွက် အောက်ပါ အဆိုပြုချက်များကို အဆိုပြုသည်။

Email: karen.national.dialogue@gmail.com
Ph: +95 9781053622, +95 9782005496, +95 9425032284, +95 9973873676

က- အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် နိုင်ငံရေဆွေးနွေးပွဲ ခေါ်ယူကျင်းပနိုင်ခွင့်ရှိသည့် အစုအဖွဲ့များဖြင့် အဆင်သင့်ဖြစ်နေသော နေရာဒေသများတွင် ပိုမိုကျယ်ပြန့်စွာ ကျင်းပပြုလုပ်ပေးပါရန်။

ခ- ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် "လက်မှတ်ရေးထိုးခြင်း မပြုလုပ်နိုင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပြီး" NCA တွင် အမြန်ဆုံးပါဝင်လက်မှတ်ထိုးနိုင်ရန်အတွက် အစိုးရ၊ တပ်မတော်မှ ပိုမိုလမ်းဖွင့်ပေးရန်နှင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပလာနိုင်ရန် တောင်းဆိုသည်။

ဂ- နိုင်ငံရေးဆွေးနွေးပွဲမှုဘောင်အရ အမျိုးသားလုံခြုံရေးဆိုင်ရာ အခြေခံမူ အပါအဝင် အခြားကဏ္ဍဆိုင်ရာ အခြေခံမူများအတွက် ဆက်လက်ဆွေးနွေးရန် အဆိုပြုသည်။

ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ကရင်လူမျိုးများအားလုံး အပါအဝင် တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်သားများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ အတူတကွပါဝင်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေး၊ နိုင်ငံရေးယဉ်ကျေးမှုသစ်ဖြင့် သမိုင်းမော်ကွန်းတင်ပါစေကြောင်း ဤပထမအကြိမ် လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) မှ ထုတ်ပြန်ကြေငြာအပ်ပါသည်။

**ကျင်းပရေးကော်မတီ**

**လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ( ကရင် )**

**ဆက်သွယ်ရန်**

၁- ပဒိုစောလှထွန်း - ၀၉၂၅၂၇၃၂၈၆၂

၂- ဗိုလ်မှူးကြီးစောကျော်ညွန် - ၀၉၂၆၀၆၁၅၃၄၅

၃- စောကြည်လင်း - ၀၉၈၇၃၁၆၀၅

၄- ဗိုလ်မှူးကြီးစောကျော်သန်းဌေး - ၀၉၇၉၁၅၉၆၅၅၄

၅- နန့်ခင်အေးဦး - ၀၉၇၉၅၉၂၂၅၁၉